
သင်္ချိုင်းရှင်မနဲ့
တစ်ညတာ
တုနှိုင်းမဲ့ (ဒပ္ပဏ)

# အပိုင်း(၁)

ကျွန်မတို့ သူငယ်ချင်းတစ်စု နွေရာသီ ကျောင်းပိတ်ရက် ခရီးတစ်ခုကို သွားခဲ့ကြသည် ။ အဲဒီ နေရာလေးကတော့ ဧရာဝတီတိုင်းဒေသကြီး၊ ဓနုဖြူ မြို့ကလေးရှိ ရွာလေး တစ်ရွာကိုပေါ့။ မြို့ကလေးက ကျဉ်းမြောင်းပေမဲ့ ကျက်သရေ ရှိလှသည် ။ ကျိုက္ကလွန်ပွန်းဘုရားကြီး၊ ဗိုလ်ချုပ်ကြေးရုပ်နှင့် နာရီစင်တို့ က မြို့ကလေး၏ ကျက်သရေကို ဆောင်နေသည် ။

ကျွန်မတို့ အဖွဲ့ခေါင်းဆောင်ကတော့ ကျောင်းရဲ့ အတန်းခေါင်းဆောင် ကျွန်မရဲ့ အစ်ကိုပင် ဖြစ်သည် ။ လမ်းခရီးတွင် ညောင်တုန်းတံတားကြီးကို ကျော်ဖြတ်ခဲ့ရသည် မှာ လည်း အလွန် အမှတ်တရ ဖြစ်လှသည် ။ တံတားပေါ်ကနေ လယ်မြေ သဘာဝနဲ့ မြစ်ရေရဲ့ သဘာဝတို့က အလွန် ကျက်သရေ ရှိလှသည် ။ လေကောင်း လေသန့်ကို ရှူရှိုက်ရင်း အရမ်း စိတ်အပန်း ပြေခဲ့ရသည် ။ ကျွန်မတို့ သတိမထားမိသည် မှာ ဒီလို သဘာဝ တရားက ရရှိတဲ့ အရာကို အမှတ်တမဲ့ ပျက်စီးနေကြခြင်းပင်။

ခုလို လေကောင်း လေသန့်မျိုး တခြားနေရာတွင် ရနိုင်ရန် မလွယ်လှချေ။ အထူးသဖြင့် ကျွန်မတို့ နေထိုင်တဲ့ ရန်ကုန်လို နေရာမျိုးတွင် ခုလို လေကောင်းလေသန့်ကို ရရှိဖို့ မလွယ်ဘူးဆိုတဲ့ အတွေးလေးနဲ့ ခရီးဆက်ရင်း ကျိုက္ကလွန်ပွန်း ဘုရားသို့ ဝင်ရောက် ဖူးမြော်ခဲ့သည် ။

ခနေဖြူမြို့ရဲ့ ကျက်သရေဆောင်ဟု ပမာတင်စား ရလောက်အောင် အလွန် တန်ခိုးကြီးသော ဘုရားတစ်ဆူလည်း ဖြစ်သည် ။ ထို့နောက် လမ်းဆုံတွင် တည်ရှိနေသော နာရီစင်နှင့် ကျွန်မတို့ ရဲ့ လွတ်လပ်ရေး ဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ ကြေးရုပ်ထုတို့ မှာ ခနေဖြူမြို့ရဲ့ အထင်ကရ နာမည် ကျော်ကြားနေသော နေရာများ ပင်။ ဒီလိုနဲ့ သူငယ်ချင်းတွေ ပျော်ပျော်ပါးပါး ခရီးဆက်ရင်း အစ်ကို့ရဲ့ လမ်းပြမှုနှင့်အတူ သွားလိုသည့် အိမ်သို့ ရောက်ရှိခဲ့သည် ။

ထိုအိမ်မှာ အခြားအိမ်မဟုတ် ကျွန်မ၏ ကြီးမေ တော်စပ်သူ တစ်ယောက် အိမ်ပင်။ကျွန်မကို ငယ်စဉ်က ထိန်းကျောင်းပေးခဲ့သူ တစ်ယောက်ဆိုလည်း မမှားချေ။ သို့သော် ကျွန်မ ငယ်ရွယ်သည့် အချိန်မို့ အစ်ကို ပြောသည့် ကြီးမေဆိုသူကို ကျွန်မ မမှတ်မိပေ။ အစ်ကို့ရဲ့ ရောက်ပြီဆိုသော လေသံနှင့်အတူ ပတ်ဝန်းကျင်ကို ငေးမော ကြည့်မိတဲ့ အခါ တောရွာသဘာဝ ခြံဝန်း အလွန်ကျယ်ပြော လှသည် ကို သတိထားမိသည် ။ ရန်ကုန်မှာ ဆို ခြံအကျယ်ကြီး ပိုင်သူက သူဌေးပင်။ တောရွာမှာ တော့ အတော်များများ ခြံအကျယ်အဝန်း ကျယ်ကြီးများ ကိုပိုင်ဆိုင်ကြသည် မှာ မဆန်းပေ။ ခြံဝန်းထဲကို အတားအဆီးမရှိ ကားဘီးကလေး လိမ့်ကာ ရွေ့သွားနေသည် ။

တံခါး မထားရှိသည် မှာ လည်း တောရွာရဲ့ ရိုးသားတဲ့ ဓလေ့ တစ်ခုပင် ဖြစ်သည် ။ ခြံဝန်းထဲတွင် သစ်ပင် ပန်းပင်တို့ မှာ လည်း အလွန်နေချင်စရာ ကောင်းလှသည် ။ သို့သော် တချို့နေရာတွေက အလွန်ချုံထူ လှသည် ။ ရှေးဆန်လှသည် ။ အိုဟောင်းလှသဖြင့် ကြောက်မက်ဖွယ် ကောင်းလှသည် ဟု ကျွန်မခံစားမိသည် ။ ကျွန်မရဲ့ အတွေးလေးတွေးက ကားဘီးလေး ရပ်သွားသည် နှင့် အတူ ရပ်တန့်သွားရသည် ။

``ကဲ ကားပေါ်ကဆင်းကြ ရောက်ပါပြီ ခု မဟာစံအိမ်ကနေ ကြိုဆိုပါတယ်´´

အစ်ကို့ရဲ့ စကားအတိုင်း အားလုံး ကားပေါ်ကနေ ဆင်းကြသည် ။ အားလုံး မျက်နှာမလန်းကြပေ။ မျက်နှာမလန်းသည့် အကြောင်းမှာ ခြံက အလွန်အိုဟောင်း နေခြင်းကြောင့်ပင်...

``အားလုံး နားနားနေနေ နေကြ ဒါက ငါ့ရဲ့ ကြီးမေအိမ်´´

အစ်ကို့ရဲ့ စကားကြောင့် အားလုံးရဲ့ မျက်လုံးတွေက အိမ်နှင့် အိမ်ပတ်ဝန်းကျင်ကို ကြည့်ပြီး မျက်နှာတွေ မရွှင်မလန်း ဖြစ်နေသည် ။ အိမ်ကြီးက မဟာစံအိမ်ဆိုသည့် အတိုင်း အလွန် မဟာဆန်ပြီး ရှေးကျသည် ။ ချုံနွယ်များ ထူထပ်နေသည် ။ တချို့နေရာမှာ ရေညှိများ ပင် တက်နေသည် ။

သို့သော် အိမ်ထဲဝင်လိုက်သည် နှင့် အသုံးအဆောင်တွေက ခေတ်ဆန်သည့် အသုံးအဆောင် များ ပြား လှသည် ။ ခြံ မှာ အလွန် အိုဟောင်းနေသည် ။ ခြံရဲ့ အကျယ်အဝန်းကလည်း ခြံထဲက အော်သံကိုပင် အပြင်က မကြားနိုင်လောက်အောင် ကျယ်လှသည် ။ ထပ်ပြီး သေချာ စပ်စုကြည့်မှ ခြံနောက်တွင် သင်္ချိုင်းကုန်း ရှိနေခြင်းပင် ဖြစ်သည် ။ ရန်ကုန်မြို့တွင် သင်္ချိုင်းကုန်းဆိုတာ ဘာမှန်း မသိလောက်အောင် ရှားပါးလှသည် ။ တောရွာများ တွင် မူ သင်္ချိုင်းကုန်း ဆိုတာ အထူးအဆန်း မဟုတ်သောနေရာတစ်ခုပင် ဖြစ်သည် ။

``ဟေ့ယောင်တွေ မင်းတို့ မျက်နှာက ဘာဖြစ်နေတာလဲ ´´

အစ်ကိုမှ ကျွန်မတို့ အားလုံးကို ပြောလိုက်သော စကားပင်။

``မဖြစ်ပါဘူးကွာ ခရီးပန်းလာလို့ ပါ ရှိုင်းကိုရာ´´

သူရမှ အစ်ကို့အား ပြောသည် ။ ထုံးစံအတိုင်း စကားအချေအတင် ပြောဆိုကြလေပြီ။ သူငယ်ချင်းတွေသာ ပြောတာ ကျွန်မတို့ အဖွဲ့က အမြဲစနောက် ရန်ဖြစ်နေကျပင်။ ကျွန်မ အစ်ကိုရှိုင်းကိုက ဒေါသကြီးပေမဲ့ ထိန်းချုပ်တတ်သည် ။ အုပ်ချုပ်မှု နိုင်နင်း၏။ ငယ်ငယ်လေး ကတည်းကနေ ခုထိ အမြဲတမ်း အတန်းခေါင်းဆောင် တာဝန်ကို ထမ်းဆောင်ရသည် ။ ခုလည်း ကျွန်မ တို့ အဖွဲ့ခေါင်းဆောင် အဖြစ် ခန့်ထားသည် ။ အစ်ကို့ပုံသဏ္ဍာန်က တစ်မူ ထူးခြားသည် ။ အရပ်၅ပေ ၇လက်မခန့် အသားအရည်ကလည်း မဖြူမညိုသော အသားအရည်ကို ပိုင်ဆိုင်ထားပြီး မျက်ခုံးမွေး ထူထူက အစ်ကို့ကို ထင်ပေါ်စေသည် ။ ဒေါသကြီးပေမဲ့ ဖော်ရွေတဲ့ အပြုံးပိုင်ရှင် တစ်ယောက်လည်း ဖြစ်သည် ။ အစ်ကို့ကြောင့် ယောက်မလို့ အခေါ်ခံရသည် မှာ လည်း မနည်းတော့ချေ။ ကျွန်မကလည်း ယောက်မလို့ ခေါ်တာကို မကြိုက်။ မကြိုက်မှန်း သိလေ လူတွေကလည်း စကြတဲ့ သဘာဝ မဟုတ်လား။ ကျွန်မအတွက်တော့ အစ်ကိုက အရာရာ ကောင်းတယ်။ လူတွေကိုလည်း ပေးဆပ် အနစ်နာခံတတ်တယ်။...

``ဒီမှာ မိန်းကလေးတွေပါနေတာတောင် မငြီးဘူး မင်းတို့ က ငြီးနေတယ်´´

အစ်ကိုမှ သူရတို့ ကို ဒေါသထွက်သော လေသံဖြင့် ပြောလိုက်သည် ။ အစ်ကို ပြောသည် မှာ လည်း မမှားချေ။ မိန်းကလေးတွေထက် သူတို့ ယောကျ်ားလေးတွေက ပိုပင်ပန်း နေကြသည် ။ သူရက ပိုဆိုးသည် ။ တစ်ခါတလေ နွဲ့တဲ့ တဲ့ စကားပြောဆိုတတ်လို့ မကြိုက်။ စနောက် သန်သည် မှာ လည်း ယောကျ်ားလေး အားလုံးလိုလိုပင်။

``မိန်းကလေးလည်း လူပဲ ငါတို့ လည်း လူပဲ ပင်ပန်းတာပေါ့´´

မြတ်မင်းခမှ အစ်ကို့ကို ပြန်ပြောသည် ။ မြတ်မင်းခမှာ ရုပ်ချောသလို ဂုဏ်မောက်သူ တစ်ဦးလည်း ဖြစ်သည် ။ ခင်မင်နေပေမဲ့ မြတ်မင်းခစိတ်က ခန့်မှန်းလို့ မရသူ တစ်ယောက်ဟု ဆိုနိုင်သည် ။ သူငယ်ချင်း စိတ်ဓာတ် ရှိလို့ သာ ခင်မင်နေကြခြင်း ဖြစ်သည် ။

``စကားကို ဘယ်လိုပြောတာလည်း မြတ်မင်းခ´´

``တော်ပါတော့ ကိုကြီးရာ ရောက်ရောက်ချင်း စကား ပြောတာတွေက ရန်ဖြစ်တော့မယ် အတိုင်းပဲ ´´

ကျွန်မလည်း ဝင်တားရချေပြီ။ မတားလျှင် ရန်ဖြစ်ကြတော့မည်။ နောက်ပြီးရင် သူတို့ က ပြန်တည့် ကြတာပါပဲ။ ခုရန်ဖြစ်တုန်းတော့ ဘေးလူတွေက အနေခက်ရသည် မဟုတ်လား။ ထိုအချိန်မှာ ပဲ…

`` မဟာ စံအိမ်ကနေ ကြိုဆိုပါတယ် ကလေးတို့ ကြီးမေအိမ်မှာ လွတ်လွတ်လပ်လပ် နေလို့ ရတယ် အိမ်မှာ က သားမိ သုံးယောက်တည်း နေတာ သားကြီးနဲ့ သမီးငယ်က လယ်ထဲသွားတယ်´´

ကြီးမေ ဆိုသူမှာ အသက်၄၀ကျော် ၅၀ ဝန်းကျင် ဖြစ်သည် ။ အသက်ကြီးပေမဲ့ ဖျတ်လတ်သည် ။

သွက်ချာသည် ။ မပိန်မဝသော ခန္ဓာကိုယ်ကို ပိုင်ဆိုင်ထားသည် ။ တောရွာမှာ နေသည် ဆိုပေမဲ့ ဝတ်ဆင်ပုံမှာ ပုံတုန်းကြီးတော့ မဟုတ်ပေ။

``ဒါနဲ့ ကြီးမေ သူ့ကို သေချာကြည့်ပါဦး ဘယ်သူလဲလို့ ´´

အစ်ကို့ရဲ့ စကားကြောင့် ကြီးမေ ကျွန်မကို စူးစူးစိုက်စိုက် ကြည့်သည် ။ အလွန်စူးရှသော မျက်လုံးတစ်စုံဟု ဆိုနိုင်သည် ။ ကျွန်မ လူငယ်ဆိုပေမဲ့ ထိုအကြည့်ကို မလွန်ဆန် နိုင်လောက်အောင်ပါပဲ။ ကြီးမေ မျက်

စိ အားကောင်းသည် ဟု ဆိုရမည်။

``ကြီးမေ မသိဘူး ငါ့တူ သူလေးက ဘယ်သူလဲ´´

``ကြီးမေရဲ့ အချစ်တော်လေ ငယ်ငယ်က ကြီးမေ ထိန်းခဲ့တဲ့ ပိုးဟပ်ဖြူလေ´´

``ပိုးဟပ်ဖြူ ဟုတ်လား မှတ်တောင် မမှတ်မိဘူး ´´

ပိုးဟပ်ဖြူ ဆိုသော နာမည်နှင့်အတူ ကြီးမေရဲ့ မျက်နှာမှာ အပြုံးများ တောက်ပြောင် သွားသည် ။

``ကိုကြီး စုကို လူကြားထဲမှာ ဖွဲ့နေတာလား´´

ကျွန်မ ငယ်နာမည်ကို ဖော်နေတာနဲ့ ကျွန်မ ရှက်ရမ်း ရမ်းပြီး အစ်ကို့ကို ပြန်ပြောမိသည် ။

``မဖွဲ့ပါဘူး နင်ငယ်ငယ်က အသားဖြူပြီး အရမ်းညစ်ပတ်တာတဲ့ အဲဒါကြောင့် နင့်နာမည်ကို ပိုးဟပ်ဖြူလို့ ပေးထားတာ´´

``တူမလေးက ကြီးမေကို မမှတ်မိလို့ ပါ။ ကြီးမေဆီမှာ တူမလေးရဲ့ ကစားစရာလေးတွေတောင် ရှိသေးတယ် ´´

``ဟုတ်ကဲ့ ကြီးမေ သမီး မမှတ်မိတော့ဘူး´´

``သမီးက ငယ်သေးတာကိုး´´

``ရှိုင်းကို ငါတို့ ဗိုက်ဆာနေပြီ ´´

သူငယ်ချင်းတွေ လူကြားထဲဆို ဖွဲ့ပြီ။ ခုလည်း ဗိုက်ဆာသည် ကို ကြာကြာ မနေနိုင်လို့ အစ်ကို့ကို ပြောနေကြသည် ။

``သားတို့ သမီးတို့ လည်း ဗိုက်ဆာနေရောပေ့ါ။ သမီးလေးကတော့ ချက်ပြုတ် ပေးသွားတယ်။ လာသမီးတို့ ဝိုင်းပြီး ခူးခပ်ပေးကြ´´

ကျွန်မတို့ မိန်းကလေးတွေလည်း ထမင်း ချူးခပ် ရတော့တာပေ့ါ။

``ဟုတ်ကဲ့ လာကြ ကလျာနဲ့ နှင်းရတီ´´

ကျွန်မကတော့ ခေါင်းဆောင်ပေ့ါ။

အမျိုးအိမ်ဆိုတော့။ အားလုံး မိန်းကလေး သုံးယောက် ယောက်ျား လေး သုံးယောက်ပင်။

``စုယမုံလှိုင် နှင်ကဟင်းတွေ ထမင်းတွေတောင် ပြင်တတ်လို့ လား ´´

ကျွန်မကို သူငယ်ချင်းတွေက လှောင်ပြောင် ကြလေပြီ။ သူတို့ ပြော လည်း ပြောစရာ အိမ်က မီးဖိုချောင်ကို ထမင်းစားဖို့ သာ ဝင်ဖြစ်တယ်။ ကျန်တာ မလုပ်တတ်ချေ။

``ဟုတ်တယ် မလုပ်တတ်ဘဲ နေမလား

နင်တို့ ကလေ ငါ့ဆို ဖွဲ့ဖို့ ပဲ တွေးနေကြတာ´´

ကျွန်မရဲ့ နှုတ်ခမ်းဆူပြီး ပြန်ပြောတတ်တဲ့ အကျင့်က ဒီလိုနေရာပေ့ါ ။

``သေချာလုပ်ကြ ဟင်းတွေကတော့ ရှယ်ပဲ ဟင်းအများကြီးကို တ စ်ယောက်တည်း ချက်ထားတာလား´´

ပြင်ဆင်ပေးပြီးတာနဲ့ တင် ဗိုက်ဆာတာ ပျောက်သွားသလားပဲ။

``ဟုတ်တယ် တူမလေးရဲ့ မမသီရိ ချက်ထားတာ ပြောရင်း ဆိုရင်း ပြန် လာပြီ´´

မမသီရိရဲ့ ဝတ်စားဆင်ယင်မှုမှာ ခေတ်မီပြီး နန်းဆန်လှသည် ။ မျ က်နှာများ လည်း ယဉ်ယဉ်လေးနှင့် မြင်သူတကာ ငေးမောလောက်

သော မျက်နှာပင်။ ခေါင်းတွင် ခရေပန်းကုံးလေး ပန်ထားသည် ။ ခြေလှမ်းကလည်း ဣန္ဒြေအပြည့်ဟု ဆိုနိုင်ပေသည် ။

``ဧည့်သည် တွေ ရောက်နေပြီပဲ သမီးနဲ့ ကိုကြီးလည်း အချိန်မီအောင် ပြန်လာကြတာပဲ နောက်ကျသွားတယ်´´

``နောက်မကျပါဘူး မမသီရိ´´

ကိုရှိုင်းမှ မမသီရိကို ပြောလိုက်သည် ။ မမသီရိ အစ်ကို့ကို ကောင်းကောင်း ကြီး မှတ်မိပုံရသည် ။

``ငါ့မောင် ရှိုင်းကို မှတ်တောင် မမှတ်မိဘူး´´

``ရှိုင်းကို မင်းက အစ်မတော့ မြင်တယ် အစ်ကို့ကို မမြင်ဘူးပေါ့´´

``မဟုတ်ပါဘူး အစ်ကို နေမည ညီလေးက အစ်ကို့လူကောင်ကို ကြည့်ပြီး မတွေ့ဘူး ဖြစ်နေတာ´´

ပြောလည်း ပြောစရာ အစ်ကို နေမည ဆိုသူက လူကောင် ထွားကျိုင်းသည် ။

``ငယ်ငယ်က အကျင့် မပျောက်သေးဘူး´´ရယ်ရယ်မောမောနှင့် ပြောဆိုသည် ။

``လာလာ အားလုံး ထမင်းစားလို့ ရပြီ´´

ကြီးမေရဲ့ စကားသံကြောင့် အားလုံး ပျော်သွားသည် ။

``လက်နဲ့ စားစား ဇွန်နဲ့ စားစား အဆင်ပြေတာနဲ့ စားကြ´´

``ကြီးမေတို့ လည်း စားကြလေ´´

``နောက်မှ စားမယ် စားကြ´´

``မမသီရိက ဟင်းချက် လက်ရာ ကောင်းတယ် ´´

အားလုံး ဗိုက်ဆာဆာနဲ့ ပျော်ပျော်ပါးပါး စားကြ မြှောက်လိုက်ပါပဲ...

``ကုန်ရင် ထပ်ထည့်ပေးမယ် မမြှောက်ပါနဲ့ ´´

``အဲကောင်မလေးက အဲလိုပဲ မမရေ မြှောက်စား´´

``ကိုကြီးနော်´´

``ကဲပါစားကြ မောင်နှမတွေ စကားမများ နဲ့ ´

အားလုံး စကားလက်စုံ ပြောရင်းနဲ့ အချိန်တွေ ကုန်သွားတယ်။

***